**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၂၈ /၂၀၂၄**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း ၇ ရက်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်)

**ဒဏ်ကြေးငွေသတ်မှတ်ခြင်း**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၄၃-ခ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

၁။ လက်ခစားအပ်ကုန်စနစ်ဖြင့် တင်သွင်းခဲ့သည့် ကုန်ကြမ်းပစ္စည်းများနှင့် ထုပ်ပိုးပစ္စည်းများကို ကုန်ချောပြုလုပ်၍ ပြန်လည်တင်ပို့ရာတွင် ခွင့်ပြုသက်တမ်းကာလကျော်လွန်ပြီးနောက် သက်တမ်းတိုးခြင်းအတွက် နောက်ဆက်တွဲ(က)ပါ ဒဏ်ကြေးငွေကိုလည်းကောင်း၊ ပြည်တွင်းသုံးစွဲခြင်းအတွက် နောက်ဆက်တွဲ(ခ)ပါ ဒဏ်ကြေးငွေကိုလည်းကောင်း ပေးဆောင်ရမည်။

၂။ ဤအမိန့်ကြော်ငြာစာသည် ၁ - ၁၂ - ၂၀၂၄ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သိန်းဆွေ

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၃၃- ၀ထ/ ၂၀၂၄ ( ၂၈၇၄ )

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိဌာနနှင့် အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်(အုပ်ချုပ်ရေးနှင့်စီမံရေးရာ)

ဒုတိယညွှန်ကြားရေးမှူးချုပ်(စစ်ဆေးရေးနှင့်အခွန်ကြီးကြပ်ရေး)

ဒုတိယညွှန်ကြားရေးမှူးချုပ်(နယ်ရုံးများကြီးကြပ်ရေး)

ညွှန်ကြားရေးမှူးများအားလုံး

ဒုတိယညွှန်ကြားရေးမှူးများအားလုံး

ဌာနခွဲများအားလုံး

တိုင်းနှင့်ပြည်နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများအားလုံး

နေပြည်တော်ကောင်စီနယ်မြေအကောက်ခွန်ဦးစီးဌာနမှူးရုံး

OSS စစ်ဆေးရေးစခန်းများအားလုံး

အမြဲတမ်းစစ်ဆေးရေးစခန်းများအားလုံး

အထူးစီးပွားရေးဇုန်များ(သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)

မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများအားလုံး

နယ်ခြားစောင့်ရဲတပ်ဖွဲ့ကွပ်ကဲမှုအောက်ပူးပေါင်းအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

မိတ္တူကို

စီမံရေးရာဌာနစိတ် (အပို ၂စောင်)

ရုံးလက်ခံ

မျှောစာတွဲ

## ဒဏ်ကြေးငွေသတ်မှတ်ခြင်း

| စဉ် | သက်တမ်းကျော်လွန်သည့် ကာလ | ဒဏ်ကြေးငွေ |
|---|---|---|
| ၁ | တစ်လ မှ သုံးလ အထိ | ကုန်ပစ္စည်းကျသင့်အကောက်ခွန်၏ နှစ်ရာခိုင်နှုန်း |
| ၂ | သုံးလ မှ ခြောက်လအထိ | ကုန်ပစ္စည်းကျသင့်အကောက်ခွန်၏ သုံးရာခိုင်နှုန်း |
| ၃ | ခြောက်လ မှ ကိုးလအထိ | ကုန်ပစ္စည်းကျသင့်အကောက်ခွန်၏ ငါးရာခိုင်နှုန်း |
| ၄ | ကိုးလ မှ တစ်ဆယ့်နှစ်လအထိ | ကုန်ပစ္စည်းကျသင့်အကောက်ခွန်၏ နှစ်ဆယ်ရာခိုင်နှုန်း |

# ဒဏ်ကြေးငွေသတ်မှတ်ခြင်း

| အကြောင်းအရာ | ဒဏ်ကြေးငွေ |
|---|---|
| လက်ခစားအပ်ကုန်စနစ်ဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ဖြင့် တင်သွင်းခဲ့သည့် ပစ္စည်းများအား ပြည်တွင်းသုံးစွဲခြင်း | ကျသင့်အခွန်အခများနှင့် စည်းကြပ်တန်ဖိုးတစ်ဆ |